၂။ တင်ဒါပုံစံ (၁)စောင်လျှင် ကျပ် (၂၀၀၀/-) (ကျပ်နှစ်ထောင်တိတိ) နှုန်းဖြင့် ဝယ်ယူတင်သွင်းရန်။

၃။ အိတ်ဖွင့်တင်ဒါငွေတန်ဘိုးကို ( ကျပ် ---------- သိန်း)ဖြင့် ဖော်ပြရန် ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံတွင် သက်ဆိုင်ရာကုမ္ပဏီ၏ ဥက္ကဋ္ဌ (သို့) အုပ်ချုပ်မှုဒါရိုက်တာ (သို့) ကန်ထရိုက်တာမှ လက်မှတ်ရေးထိုး ပေးပို့ရမည်။

၅။ အိတ်ဖွင့်တင်ဒါတင်သွင်းခွင့်လျှောက်လွှာနှင့်အတူ တင်သွင်းမည့် BQ Drawing တို့အား ပေးပို့ရမည်။

၆။ အိတ်ဖွင့်တင်ဒါ နောက်ဆုံးလက်ခံမည့်နေ့ရက် ၊အချိန် **(၂၀၂၀)ခုနှစ်၊ (ဒီဇင်ဘာလ)(၄)ရက် နေ့လည်(၂)နာရီ** ထက်နောက်ကျရောက်ရှိလာသော တင်ဒါများကိုအဖွဲ့မှ လုံးဝစဉ်းစားမည်မဟုတ်ပါ။

၇။ **<u>ဈေးနှုန်းအဆိုပြုလွှာတင်ပြခြင်း။</u>**

(က) အဆိုပြုတင်ပြသည့် တင်ဒါတွက်ချက်မှုကို တင်ဒါတင်သွင်းသူမှ လုံးဝ တာဝန်ယူရမည်။ (မှားယွင်းတွက်ချက်မှုများ၊ မှားယွင်းဖြည့်စွက်မှုများရှိပါက တွက်ချက်တင်သွင်းသူ၌သာတာဝန် ရှိသည်။)

(ခ) လုပ်ငန်းတန်ဘိုးတွက်ချက်ရာတွင် With-holding Tax ၂% ပေးဆောင်ရမည်။ အဆိုပါ ၂% အား သီးခြားတွက်ချက်တင်ပြခြင်းမပြုရ ။

(ဂ) ပြည်ထောင်စုစာရင်းစစ်ရုံးမှ စစ်ဆေးတွေ့ရှိချက်အရ ပြန်လည်ပေးသွင်းငွေရှိလျှင် ကုမ္ပဏီမှ အပြည့်အဝ တာဝန်ယူပေးသွင်းရပါမည်။

၈။ **<u>အိတ်ဖွင့်တင်ဒါအာမခံငွေပေးသွင်းခြင်း</u>**

(က) အိတ်ဖွင့်တင်ဒါသွင်းသူသည် အိတ်ဖွင့်တင်ဒါအာမခံစပေါ်ငွေအား လုပ်ငန်းတန်ဘိုး၏ ၁% ၁၀၀၀၀၀/ (ကျပ်တစ်သိန်းတိတိ)ကိုအင်းစိန်၊မြန်မာ့စီးပွားရေးဘဏ်သို့(PO)ပြုလုပ်ပြီးပေးသွင်းရမည်။ အိတ်ဖွင့် တင်ဒါဖွင့်ဖောက်စိစစ်ရွေးချယ်ဆောင်ရွက်ပြီးပါကအာမခံစပေါ်ငွေ(PO)လက်ခံဖြတ်ပိုင်း တင်ပြနိုင်ပါက(၇)ရက်အတွင်း ပြန်လည်ထုတ်ပေးမည်။

(ခ) တင်ဒါအောင်မြင်သူများအနေဖြင့် (၅)ရက်အတွင်း အဆောက်အဦတန်ဘိုး၏ ၅ % ကို လုပ်ငန်းအာမခံငွေ (PG) အဖြစ် အင်းစိန်၊မြန်မာ့စီးပွားရေးဘဏ်သို့တိုက်ရိုက်ပေးသွင်းရပါမည်။ အဆိုပါလုပ်ငန်းအာမခံငွေ(PG)အားအဆောက်အဦပြီးစီး၍လုပ်ငန်းသက်တမ်း(၁)နှစ်ပြည့်ပြီးမှသာပြန်လည်ထုတ်ပေးမည်။

(ဂ) တင်ဒါအောင်မြင်သူများအနေဖြင့် အဆောက်အဦတန်ဘိုး၏ ၁%ကို တံဆိပ်ခေါင်းခွန်အဖြစ် ပေးဆောင်ရမည်။

(ဃ) တင်ဒါအောင်မြင်သူများအနေဖြင့် အဆောက်အဦတန်ဘိုး၏ ၅%ကို ကုန်သွယ်ခွန်အဖြစ် ပေးဆောင်ရမည်။ အဆိုပါ (၅ %) အားသီးခြား တွက်ချက်တင်ပြခြင်း မပြုရ။

၉။ လုပ်ငန်းဆောင်ရွက်ခြင်းအား လုပ်ငန်းအပ်နှံသူမှ သတ်မှတ်သည့် စံချိန်၊စံညွှန်းအတိုင်းသတ်မှတ်ချိန် ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်ပေးရမည်။